မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်
*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

***Enjoy free reading from B.C.F. ___ Volume 18 / Issue 7 / July / 2025***

## ☙ သန့်ရှင်းမှု နှင့် သမာဓိ ရှိပါ ❧

ငယ်ရွယ်စဉ်အခါတွင် ကျွန်ုပ်တို့သည် စိတ်နှလုံးသန့်ရှင်းစင်ကြယ်မှုနှင့် တည်ကြည်မှုမှ ဝေးကွာသွားစေနိုင်သည့် ဖိအားများနှင့်၎င်း၊ သွေးဆောင်မှုများနှင့်၎င်း၊ ရင်ဆိုင်ရလေ့ရှိသည်။ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုအရ အဖဘုရားသခင်ကို ဂုဏ်တင်သောအသက်တာတွင် အသက်ရှင်နေထိုင်ရန် ကျွန်ုပ်တို့ကို ခေါ်ဝေါ်ထားကြောင်း သမ္မာကျမ်းစာက သတိပေးထားသည်။ ကျွန်ုပ်တို့၏တန်ဖိုးများကို မလွှတ်တန်းဆုပ်ကိုင်ထားရန် အရေးကြီးပြီး၊ ထိုအချက်တို့ကို ကျွန်ုပ်တို့ကိုယ်တိုင် ပြုမူဆောင်ရွက်တွင် ထင်ဟပ်ပေါ်လွင်စေပါ။ ဤအရာများကို နှလုံးသွင်းပြီး ကျွန်ုပ်တို့၏ရွေးချယ်မှု၊ လုပ်ဆောင်ချက်များနှင့် အခြားသူများနှင့် ဆက်ဆံရေးမှတစ်ဆင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ကိုယ်စားပြုရန် ကြိုးစားကြပါစို့။

၁တိ၊၄း၁၂။
သင်၏အရွယ်နုပျိုသည်ကို အဘယ်သူမျှမထီမဲ့မြင် မပြုစေနှင့်။ စကားပြောခြင်း၊ ကျင့်ကြံပြုမူခြင်း၊ သူတပါးကို ချစ်ခြင်း၊ ဝိညာဉ်သဘောရှိခြင်း၊ သစ္စာစောင့်ခြင်း၊ စင်ကြယ်ခြင်းအရာမှာ၊ ယုံကြည်သောသူတို့အား ပုံသက်သေကို ပြလော့။

သုတ္တံကျမ်း၊ ၉း၁၀−၁၂။
ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည် ပညာ၏ မူလမြစ်ဖြစ်၏။ သန့်ရှင်းတော်မူသောဘုရားကို သိကျွမ်းသောသဘောသည် ဉာဏ်ဖြစ်၏။ အကြောင်းမူကား၊ ငါ့ကိုအမှီပြု၍ သင်၏နေ့ရက်ကာလနှင့်အသက်အပိုင်းအခြား နှစ်ပေါင်းကာလနှင့်တိုးပွားလိမ့်မည်။ သင်သည် ပညာရှိလျှင်၊ ကိုယ်တိုင်အကျိုးကိုခံရလိမ့်မည်။ မထီမဲ့မြင်ပြုလျှင်၊ ကိုယ်တိုင်သာအပြစ်ကိုခံရလိမ့်မည်။

၂တိ၊၂း၂၂−၂၃။
လူပျိုတို့၏တပ်မက်ခြင်း ကိလေသာစိတ်ကိုကြဉ်ရှောင်လော့။ ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ ချစ်ခြင်း၊ စင်ကြယ်သောစိတ်ရှိ၍၊ သခင်ဘုရားကိုပဌနာပြုသောသူတို့နှင့် အသင့်အတင့်နေခြင်းတို့ကို မှီအောင်လိုက်လော့။ မိုက်မဲ၍ပညာကင်းသောပုစ္ဆာအမေးတို့သည် ရန်ပွါးစေတတ်သည်ဟု သိမှတ်၍ပယ်ရှားလော့။

## *2025 July, Sunday Worship Programs:*

**JULY 2025**

| sun | mon | tue | wed | thu | fri | sat |
|---|---|---|---|---|---|---|
| | | 1 | 2 | 3 | 4 | 5 |
| 6 | 7 | 8 | 9 | 10 | 11 | 12 |
| 13 | 14 | 15 | 16 | 17 | 18 | 19 |
| 20 | 21 | 22 | 23 | 24 | 25 | 26 |
| 27 | 28 | 29 | 30 | 31 | | |

***July 8, 2025 … Holy Communion Sunday***

***July 13, 2025 …Graduate's Sunday Worship Service***

***July 20, 2025 … Regular SundayWorship Service***

***July 27, 2025 … B.C.F Youth Sunday Worship Service***

*****Southern California Churches Combined Vacation Bible School*****
***Date … August 1-2, 2025***
***Time … 8:30 AM to 3:00 PM***
***Place … Burmese Christian FellowshipChurch***
***1337 Farmstead Ave. La Puente, CA 91745***

---

### *Worship Place*

*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

### *Worship Service*

*Sunday Worship (Sunday) 2:00 PM*
*Sunday school (Sunday) 2:15 PM*

*Bible Study …. Sunday 1:00-2:00 PM*
*Prayer Meeting …. Every Saturday, 2:00 PM*

# Burmese Christian Fellowship




You're cordially invited
to
Graduate Sunday Service
on
Sunday 2:00 PM. July 13, 2025
at
* Please join us Fellowship and Foods
at the hospitality table after the Service *

****************

Jousha 1:8
Keep this Book of the Law always on your lips;
meditate on it day and night,
so that you may be careful to do everything written in it.
Then you will be prosperous and successful.

ယောရှုမှတ်စာ
ထိုပညတ္တိကျမ်းစာ၌ ရေးထားသမျှအတိုင်း ကျင့်မည်ဟု စောင့်ရှောက်ခြင်းအလိုငှါ
ကျမ်းစာကိုမဘတ်မရွတ်ဘဲမနေ၊ နေ့ညဥ့်မပြတ်ကြည့်ရှုဘတ်ရွတ်ရမည်။
သို့ပြုလျှင် သင်သည် အကြံထမြောက်၍ အောင်မြင်လိမ့်မည်။

# Burmese Christian Fellowship Youth

**COME AND JOIN US**

You're cordially invited

to

BCF Youth Sunday Service

on

Sunday 2:00 PM, July 27, 2025

<u>Programs:</u>

Praise songs

Special prayer

Special music

Scripture

Message

Fellowship and Foods

***************

* Please join us at the hospitality table after the Service *

# ပျောက်သောသိုး – တွေ့ပြီ

John Ma, BCF

တစ်ခုသောစနေနေ့၌၊ Las Vegas အသင်းတော်မှ ဖိတ်ကြားချက်အရ၊ ကျမ်းစာသင်တန်း ပို့ချရန် သင်းအုပ်ဆရာနှင့် လက်ထောက်သင်းအုပ်ဆရာတို့သည် လေယာဉ်စီးသွားရန် လေယာဉ်ပေါ်သို့တက်လိုက်သည်။ ခရီးထွက်တိုင်း သူတို့အတူတူ ထိုင်လေ့ထိုင်ထ ရှိကြသည်။ သို့သော်လည်း ဤခရီးစဉ်တွင် ဘာကြောင့်မှန်းမသိ လက်ထောက်သင်းအုပ်ဆရာသည် ရှုခင်းကြည့်ရန် အလွန်ဆန္ဒပြင်းပြသဖြင့် လေယာဉ်ပြူတင်းပေါက်နှင့် နီးသော ထိုင်ခုံတွင် ထိုင်လိုက်သည်။ သင်းအုပ်ဆရာမူကား အဝင်အထွက် လွယ်ကူစေရန် လူသွားလမ်းနှင့် နီးသောထိုင်ခုံတွင် ထိုင်လိုက်သည်။ ဤလေယာဉ်အတွင်း လူသွားလမ်း၏ တစ်ဖက်စီရှိ ထိုင်ခုံတတန်းစီတွင် ထိုင်ခုံသုံးခုံ ရှိသည်။ ထို့ကြောင့် သင်းအုပ်ဆရာနှင့်လက်ထောက်သင်းအုပ်ဆရာကြားတွင် ထိုင်ခုံတစ်ခုံ လွတ်နေသည်။ ထိုနေ့မှာ Las Vegas သို့ခရီးသွားသောသူ အလွန်များပြားသဖြင့် လေယာဉ်တစ်စီးလုံး ပြည့်လုနီးပါး ဖြစ်သည်။ အားလုံး နေရာယူပြီးအချိန်တွင် လူတစ်ယောက်သည် ရေကြီးသုတ်ပြာနှင့်ရောက်လာကာ ထိုင်ခုံလိုက်ရှာရင်း နောက်ဆုံး၌သူတို့အကြား လွတ်နေသောထိုင်ခုံမှာ ထိုင်လိုက်သည်။ ဤလူသည် မျက်နှာညှိုးငယ်ကာ စိတ်မကောင်းပုံရသည်။

လေယာဉ်ထွက် ပြီးနောက်၊ ဤလူသည် လက်ထောက်သင်းအုပ်ဆရာကို ဤသို့စကား စလာသည်။ "လောကကြီးဟာ အင်မတန်စိတ်ညစ်ဖို့ ကောင်းတယ်နော်။ အသက်တစ်ရာ မနေရပေမဲ့၊ အမှုပေါင်း တစ်ရာမက ရင်ဆိုင်ရတယ်နော်။ ပြဿနာသောင်းခြောက်ထောင်ဘဲ။ အဲဒီ စိတ်ညစ်စရာ ပြဿနာတွေကို မေ့ပျောက်သွားဖို့ရန်အတွက် ခင်ဗျား Las Vegas ကို ဖဲချဖို့ သွားတာလား။ အလောင်းအစား လုပ်ဖို့ သွားတာလား။ Show ကြည့်ဖို့ သွားတာလား။ ဒါမှမဟုတ် ပျော်ပွဲရွှင်ပွဲအတွက် သွားတာလား။"

လက်ထောက်သင်းအုပ်ဆရာက ပြုံး၍ ဤသို့ပြန်ဖြေလိုက်သည်။ "ခင်ဗျားပြောတာတစ်ခုမှမဟုတ်ဘူး။ ကျွန်တော်နဲ့ ကျွန်တော့်သင်းအုပ်ဆရာဟာ Las Vegas က ဘုရားကျောင်း တစ်ကျောင်းရဲ့ ဖိတ်ကြားချက်အရ၊ ကျမ်းစာသင်တန်း ပို့ချဖို့ သွားခြင်းဖြစ်တယ်။ ကျွန်တော့်သင်းအုပ်ဆရာဟာ ခင်ဗျားရဲ့တစ်ဖက်မှာ ထိုင်နေတယ်။ မိတ်ဆက်ပေးရအောင်။"ဟုပြောရင်း …၊ လက်ထောက်သင်းအုပ်ဆရာက ဤလူကို သင်းအုပ်ဆရာနှင့် မိတ်ဆက်ပေးသည်။

Las Vegasသို့ ပိုကာဖဲချရန် သွားခြင်းလည်း မဟုတ်။ လောင်းကစားလုပ်ရန် သွားခြင်းလည်း မဟုတ်။ Show ကြည့်ရန် သွားခြင်းလည်း မဟုတ်။ ပျော်ပွဲရွှင်ပွဲအတွက် သွားခြင်းလည်း မဟုတ်။ ဘုရားကျောင်းသို့ သွားခြင်းဖြစ်သည်ကို ကြားသိရသောအခါ၊ ဤလူသည် အလွန်အံ့သြသွားသည်။ စိတ်ထိခိုက်သွားသည်။ ဤလူသည် စကားပြောရင်း မျက်ရည်ကျလာသည်။ သူသည် ခရစ်ယာန်မိသားစုမှ ဆင်းသက်လာကြောင်း ပြောပြသည်။သူ၏ဖခင်သည် အသင်းတော်၌ အလွန်တက်ကြွစွာ လုပ်ကိုင်သော အသင်းတော်လူကြီးဖြစ်ကြောင်း၊ သူနှစ်ဆယ့်ငါးနှစ်အရွယ်တွင် သူ၏ဖခင်သည် ဘုရားသခင်၏ခေါ်တော်မူခြင်း ခံရသောကြောင့် ဘုရားသခင်ကို စိတ်နာကာ၊ အသင်းတော်၏ ဝတ်ပြုအစည်းအဝေး မှန်သမျှ မတက်တော့ဘဲ၊ ဘုရားသခင်နှင့် ကင်းဝေးလာကာ၊ အလုပ်ကိုသာ အာရုံစိုက်လုပ်ကိုင်သည်။ လွန်ခဲ့သောနှစ်လမှစ၍ သူ၏မယားနှင့် အဆင်မပြေ ဖြစ်လာပြီး၊ အိမ်ထောင်ရေး ပြိုကွဲလုနီးပါး ဖြစ်သည့်အပြင်၊အလုပ်မှာလည်း ဖိအားများလာသဖြင့် စိတ်ငြိမ်သက်မှုမရှိတော့ဘဲ စိတ်ညစ်လာသည်။ ဦးနှောက်ခြောက်လာသည်။ သူငယ်ချင်း၏ တိုက်တွန်းချက်အရ၊ စိတ်ပြေလက်ပျောက် Las Vegas သို့သွားခြင်းဖြစ်ကြောင်း ပြောပြသည်။

သင်းအုပ်ဆရာ သိလိုက်ပါပြီ။ သိုးထိန်းကြီး သခင်ယေရှုခရစ်တော်က သူ့တို့နှစ်ယောက်အကြား လွတ်နေသော ထိုင်ခုံသို့ လမ်းပျောက်နေသောသိုးကို ပို့ပေးခြင်းဖြစ်သည်။။ ထိုပျောက်သောသိုး လမ်းမှန်သို့ ပြန်ရောက်အောင်ပို့ပေးရန် သခင်ခရစ်တော်က သူ့အား တာဝန်ပေးသည်ကို နားလည်လိုက်ပါသည်။

ခရီးစဉ်တစ်လျှောက်လုံးတွင်၊ သင်းအုပ်ဆရာသည် သခင်ခရစ်တော်၏ ကယ်တင်ခြင်းတရားအကြောင်းကို ပြောပြသည်။ ရှင်မဿဲခရစ်ဝင်၊ ၁၁း၂၈ တွင် ဖော်ပြထားသည့်အတိုင်း ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ခရစ်တော်ထံသို့လာကြလျှင် ချမ်းသာပေးမည့် အကြောင်းကိုလည်း ရှင်းပြသည်။

ဤသို့ ဖြစ်ရခြင်းမှာ၊ ကြုံကြုံဖန်ဖန် တိုက်ဆိုင်မှုတစ်ရပ် မဟုတ်ကြောင်း။ သခင်ခရစ်တော်သည် သူ့ကို လမ်းမှန်သို့ ပြန်ပို့ပေးရန် သင်းအုပ်ဆရာနှင့် လက်ထောက်သင်းအုပ်ဆရာ အကြား၌ ရှိသော ထိုင်ခုံသို့ ပို့လိုက်ခြင်းဖြစ်ကြောင်းပြောသည်။ Las Vegas လေဆိပ်သို့ရောက်၍၊ လူချင်းမခွဲခွာမီ ခရစ်တော်ဘုရားထံ ပြုလုပ်ခဲ့သော အပြစ်များကို ဝန်ချတောင်းပန် ဆုတောင်းရန် မှာကြားလိုက်ပြီး၊ ကျမ်းစာသင်တန်းပို့ချရန် ခရီးဆက်သွားကြသည်။

ကျမ်းစာသင်တန်းပို့ချပြီး၊ နောက်တစ်နေ့နံနက် အပြန်ခရီးတွင် ထိုလူကို အံ့သြစွာ ပြန်တွေ့ရသည်။ သူသည် Las Vegas တွင် ဆက်လက်မနေနိုင်တော့ကြောင်း၊ ဝိညာဉ်တော်၏ လှုံ့ဆော်မှုကြောင့် အိမ်သို့ပြန်၍ ခရစ်တော်၏မေတ္တာတော်အောက်၌ သူ့ဇနီးနှင့် ပြန်ပေါင်းရန် ကြိုးစားမည်။ သူ့ဘဝပုံမှန်သို့ ပြန်ရောက်ရန် လုပ်ဆောင်မည်ဖြစ်ကြောင်းပြောပါသည်။ ဆုတောင်းဖို့ရန်လည်း ပြောသည်။ ထိုအခါတွင်၊ သင်းအုပ်ဆရာသည် ပျောက်သွားသော သိုးတစ်ကောင်ကို ပြန်လည်ရှာတွေ့သည့်အတွက် ချက်ချင်းပင် ကျေးဇူးတော် ချီးမွမ်းလိုက်၏။

## ပျောက်သောသိုးကို ငါတွေ့ပြီ။ ငါနှင့် အတူဝမ်းမြောက်ကြလော့။

သခင်ခရစ်တော်သည် ဥပမာစကားဖြင့် မိန့်တော်မူသည်ကား၊ သင်တို့တွင် တစ်စုံတစ်ယောက်သော သူ၌ သိုးတစ်ရာ ရှိ၍၊ သိုးတစ်ကောင် ပျောက်လျှင်၊ ကိုးဆယ်ကိုးကောင်သော သိုးတို့ကို တောတွင် ထားခဲ့ပြီးမှ၊ ပျောက်သော သိုးတစ်ကောင်ကို မတွေ့မှီတိုင်အောင် သွား၍ မရှာဘဲနေမည်လော။ တွေ့ပြီးလျှင် ဝမ်းမြောက် သောစိတ်နှင့် ပခုံးပေါ်မှာ တင်ထမ်း၍၊ မိမိအိမ်သို့ရောက်သောအခါ အဆွေခင်ပွန်း အိမ်နီးချင်းများကိုခေါ်၍၊ ပျောက်သောသိုးကို ငါတွေ့ပြီ။ ငါနှင့် အတူ ဝမ်းမြောက်ကြလော့ဟု ဆိုတတ်သည် မဟုတ်လော။ ထိုနည်းတူ၊ ဖြောင့်မတ်၍ နောင်တရစရာ အကြောင်းမရှိသောသူ ကိုးဆယ်ကိုးယောက်တို့၌ ကောင်းကင်သားတို့သည် ဝမ်းမြောက်ခြင်းရှိသည်ထက်၊ နောင်တရသော လူဆိုးတစ်ယောက်၌ သာ၍ဝမ်းမြောက်ခြင်း ရှိကြသည်ဟုဆို၏။ (ရှင်လုကာ၊၁၅း၄–၆)



ပျောက်သောသိုးပြန်တွေ့ပုံ

ထိုနည်းတူ၊ အထက်ပါရွှေကျမ်းချက်တွင် ပါသည့်အတိုင်း ကျွန်တော်တို့ မျက်စိလည်လမ်းမှားနေလျှင်၊ ကြုံကြုံဖန်ဖန်တိုက်ဆိုင်မှုမဟုတ်ဘဲ၊ သခင်ယေရှုခရစ်တော်က မတွေ့တွေ့အောင် ရှာမည်မှာ အမှန်ပင်ဖြစ်သည်။

**လမ်းပျောက်သူကို ကယ်တင်ရန်၊ ကောင်းကင်နန်းစွန့်ကာ ယေရှုကြွလာ၊**

**ကယ်ဘို့ရှာသည်၊ ကယ်ဘို့ရှာသည်၊ ပျောက်သောသိုး ကယ်ဘို့ ယေရှု ရှာသည်။**

အော် – သခင်ခရစ်တော်၏ မေတ္တာတော်သည် လောကသားများအပေါ် အလွန်ကြီးမား လေစွတကား။ ။


# ကျေးဇူးတော်ကာလတွင်သခင်ယေရှုခရစ်တော်၏ပညတ်ချက်

## အမြတ်ဆုံးသော ပညတ်

(မာကု၊၁၂း၂၉–၃၁)
ယေရှုက၊ ပညတ်တကာ တို့တွင် အမြတ်ဆုံး သောပညတ်ဟူမူကား၊ –
‘‘ငါတို့၏ဘုရားသခင် ထာဝရ ဘုရားသည် တဆူတည်းသော ထာဝရဘုရားဖြစ်တော်မူ၏။
ထာဝရဘုရားသည် တပါးတည်းဖြစ်တော်မူ၏။ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊
ဥာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့။’’ ဤပညတ်သည် ပဌမပညတ်ဖြစ်၏။
ထိုမှတပါး ‘‘ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့’’ ဟူသော ဒုတိယပညတ်သည်
ပဌမပညတ်နှင့်သဘောတူ၏၊ ဤပညတ်တို့ထက်သာ၍ ကြီးမြတ်သော ပညတ်မရှိဟု ပြန်၍မိန့်တော်မူ၏။
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

## ပညတ်သစ်

(ယော၊၁၃း၃၄)
သင်တို့သည် အချင်းချင်း တယောက်ကိုတယောက် ချစ်ကြလော့။
ငါသည်သင်တို့ကို ချစ်သည် နည်းတူ
“အချင်းချင်းချစ်ကြလော့”ဟု ပညတ်သစ်ကိုငါပေး၏။
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~



## ပညတ်တော်

(မဿဲ၊ ၅း၄၃–၄၄)
ငါပညတ်သည်ကား၊
သင်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏သား[illegible]။
“သင်တို့၏ ရန်သူတို့ကို ချစ်ကြလော့။
သင်တို့ကို ကျိန်ဆဲသော သူတို့အား မေတ္တာပို့ကြလော့။
သင်တို့ကိုမုန်းသော သူတို့အား ကျေးဇူးပြုကြလော့။
သင်တို့ကို နှောင့်ရှက်ညှဉ်းဆဲသော သူတို့အဘို့ ဘုရားသခင်ကို ဆုတောင်းကြလော့။”
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

## ပညတ်တော်ကိုစောင့်ရှောက်

(ယော၊၁၅း၁၀)

ငါသည် ငါ့ခမည်းတော်၏ ပညတ်တို့ကို စောင့်ရှောက်၍ ခမည်းတော်၏ မေတ္တာ၌ တည်နေသကဲ့သို့ သင်တို့သည် ငါ့ပညတ်တို့ကို စောင့်ရှောက်လျှင်၊ ငါ့မေတ္တာ၌ တည်နေ ကြလိမ့်မည်။ ငါပညတ်သမျှတို့ကို ကျင့်ဆောင်လျှင် ငါ၏အဆွေ ဖြစ်ကြ၏။
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

** သမ္မာကျမ်းစာတော်မြတ်၌၊ ဖေါ်ပြခဲ့သောပညတ်တော်များနှင့် ပညတ်တော်(၁၀)ပါး အပါအဝင် ပညတ်တော်ပေါင်း (၆၀၀) ကျော်ရှိသည်။ **

# ကျေးဇူးတော် ကို ရေတွက်ပါ

ရွှေကျမ်းချက်–သက်သာလောနိတ်ဩဝါဒစာပဌမစောင်။
အခန်းကြီး ၅၊အခန်းငယ် ၈၊

အရာရာ၌ ကျေးဇူးကို ချီးမွမ်းကြလော့။
အကြောင်းမူကား၊ သင်တို့သည် ထိုသို့ကျင့်စေခြင်းငှါ၊
ယေရှုခရစ်၌ဘုရားသခင် အလိုတော်ရှိ၏။

- ♦ ထမ်းရသောဝန်ထုပ်များကို ရေတွက်မည့်အစား … ကောင်းချီးမင်္ဂလာများကို ရေတွက်ကြည့်ပါလား။
- ♦ မအောင်မြင်မှုများကို ရေတွက်မည့်အစား … အောင်မြင်မှုများကို ရေတွက်ကြည့်ပါလား။
- ♦ စိတ်ဆင်းရဲခြင်းများကို ရေတွက်မည့်အစား … ဝမ်းသာရွှင်လန်းခြင်းများကို ရေတွက်ကြည့်ပါလား။
- ♦ ရန်သူများကို ရေတွက်မည့်အစား … ချစ်မိတ်ဆွေများကို ရေတွက်ကြည့်ပါလား။
- ♦ ကျမျက်ရည်များကို ရေတွက်မည့်အစား … ကြည်နူးပြုံးရွှင်မှုများကို ရေတွက်ကြည့်ပါလား။
- ♦ ကြောက်ရွံ့ခြင်းများကို ရေတွက်မည့်အစား … ရဲရင့်ခြင်းများကို ရေတွက်ကြည့်ပါလား။
- ♦ မနာလိုဝန်တို၍ မုန်းတီးနေမည့်အစား … သခင်ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်ပြကြည့်ပါလား။
- ♦ ဆုံးရှုံးသောနှစ်များကို ပြန်လည်ရေတွက်မည့်အစား … ပြည့်စုံ၍အလျှံပယ်ကြွယ်ဝသော နှစ်များကို ရေတွက်ကြည့်ပါလား။
- ♦ တိုက်ခတ်သောလေမုန်တိုင်းကို ကြည့်နေမည့်အစား … ငြိမ်သက်စွာအိပ်နေသော သခင်ခရစ်တော်ကို အာရုံစိုက်ကြည့်ပါလား။
- ♦ သခင်ယေရှုခရစ်တော်၌ ဘုရားသခင်၏အလိုတော်အတိုင်း အရာရာ၌ကျေးဇူးတော်ကို ချီးမွမ်းကြည့်ပါလား။
- ♦ ထိုသို့ပြုလျှင် ခရစ်တော်၏ငြိမ်သက်ခြင်းကို ရရှိလာမည်ဖြစ်သည်။ အာမင်။

John Ma
B.C.F

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~